# စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အပတ်စဉ်ထုတ်ပြန်ချက်

၂၀၂၁ ခုနှစ် ဩဂုတ် ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိ

**၁၀၀၉+**
သတ်ဖြတ်ခံရ

**၇၄၀၁+**
ဖမ်းဆီးခံခဲ့ရ

**၅၇၈၇+**
ချုပ်နှောင်ခံထားရဆဲ

**၁၉၈၄+**
ဖမ်းဝရမ်းထုတ်ခံရ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

# စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အပတ်စဉ်ထုတ်ပြန်ချက်

၂၀၂၁ ခုနှစ် ဩဂုတ် ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိ

**၁၀၀၉+**
သတ်ဖြတ်ခံရ

**၇၄၀၁+**
ဖမ်းဆီးခံခဲ့ရ

**၅၇၈၇+**
ချုပ်နှောင်ခံထားရဆဲ

**၁၉၈၄+**
ဖမ်းဝရမ်းထုတ်ခံရ

# အကျဉ်းချုပ်

ဖေဖော်ဝါရီ ၂ ရက်နေ့ စစ်အာဏာသိမ်းပြီးနောက် အကြမ်းဖက်စစ်ကောင်စီ လက်ချက်ဖြင့် အရပ်သားတစ်ထောင်ကျော် သတ်ဖြတ်ခြင်းခံခဲ့ရသည်။ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်–မြန်မာနိုင်ငံ(ND–Burma) ၏အဖွဲ့ဝင် အဖွဲ့အစည်းဖြစ်သော နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ “စစ်တပ်မှ အာဏာရှိနေသမျှ လူငယ်များ၊ ကျွမ်းကျင်ပညာရှင်များဖြစ်သော ဆရာဝန်များ၊ ကျောင်းဆရာများ၊ အမျိုးသား၊ အမျိုးသမီးများနှင့်ကလေးသူငယ်များကို ဆက်လက် သတ်ဖြတ်နေအုန်းမည်ဖြစ်သည်”ဟု စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်များသည်လည်း ကူးစက်ရောဂါကြား တိုးလာလျက်ရှိပြီး နေ့စဉ်နှင့်အမျှ ဒါဇင်နှင့်ချီ သေဆုံးလျက်ရှိသည်။ အကြမ်းဖက်စစ်ကောင်စီ၏ ရက်စက်ကြမ်းကြုတ်မှုကိုပြသည့် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခုတွင် မူးယစ်သောင်းကျန်းနေသည့် အကြမ်းဖက်စစ်ကောင်စီတပ်သားတစ်ဦးသည် အရပ်သားများကို ပရမ်းပတာပစ်ခတ်ခဲ့ပြီး အမျိုးသားတစ်ဦးကို နားထင်တွင် သေနတ်နှင့် တေ့ပစ်သတ်ခဲ့မှုကြောင့် ပွဲချင်းပြီးသေဆုံးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင်အကြမ်းဖက်စစ်တပ်ကို ချေမှုန်းရန်နှင့် ဖျက်သိမ်းရန်ကြိုးပမ်းအန်တုနေသော အတိုက်အခံအင်အားစုများပြားနေချိန် အကြမ်းဖက်စစ်ကောင်စီလက်နက်ကိုင်တပ်၏ တိုက်ခိုက်ခြင်းကို ခံနေရသည်။ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP)၊ ND–Burma နှင့် ဉာဏ်လင်းသစ်တို့မှ ဇူလိုင်လနှောင်းပိုင်းအတွင်း စစ်ကိုင်တိုင်းဒေသကြီး၊ ကနီမြို့နယ် ဒေသတစ်ဝိုက်တွင် အအပစ်မဲ့အရပ်သားပြည်သူများအား အစုလိုက် အပြုံလိုက် သတ်ဖြတ်ခံရမှုကို လေ့လာဆန်းစစ်ထားသော အစီရင်ခံစာကို ပူးတွဲထုတ်ပြန်ခဲ့သည်။

အစီရင်ခံစာ၏ ခြုံငုံသုံးသပ်ချက်ကို ဓါတ်ပုံသက်သေဖြင့် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာ ထုတ်ပြန်ခဲ့သည်။ မှတ်တမ်းပြုထားသော ရာဇဝတ်မှုများသည် နိုင်ငံတကာဥပဒေကို ဆိုးဆိုးရွားရွားချိုးဖောက်နေကြောင်း တွေ့ရှိရသည်။ အစီရင်ခံစာတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အာဏာမသိမ်းမီနှင့် အာဏာသိမ်းပြီးနောက် ပူးပေါင်းတွေ့ရှိရသည့်အခြေအနေမှန်များ၊ ထုတ်ဖော်ပြောဆိုခဲ့သည့် သက်သေများသည် စစ်အုပ်ချုပ်ရေးကို တရားဝင်ဖြစ်ရေးအတွက် နိုင်ငံတော်ကိုကာကွယ်ရန် ဟူသော အကြမ်းဖက်စစ်ကောင်စီ၏ အကြောင်းပြချက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။

တိုင်းပြည်၏အခြေအနေ အကြီးအကျယ် ဖရိုဖရဲဖြစ်နေချိန်တွင် အာဏာသိမ်းစစ်ကောင်စီသည် တရားဝင်ရွေးကောက်တင်မြောက်ခြင်းခံထားရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အား နည်းလမ်းပေါင်းစုံဖြင့် ပစ်မှတ်ထားကာ နှိပ်ကွပ်နေသည်။ NLD အဖွဲ့ဝင် ၁၀၀ ကျော်သည် ဖမ်းဆီးချုပ်နှောင်ခံထားရပြီး တစ်ခြားသောအဖွဲ့ဝင်များသည် ဖမ်းဆီးထိန်းသိမ်းခံထားရစဉ် အကျဉ်းထောင်အတွင်း ကိုဗစ်ကူးစက်မှုနှင့် ဆက်စပ်ရောဂါကြောင့် သေဆုံးခဲ့ရသည်။ အာဏာသိမ်းစစ်ကောင်စီ၏ အတိုက်အခံများကိုပစ်မှတ်ထားတိုက်ခိုက်ခြင်းကြောင့် အသက်ပေါင်းများစွာကို ဆုံးရှုံးစေခဲ့သည်။

အကြမ်းဖက်စစ်ကောင်စီ၏တပ်သားများသည် ပရမ်းပတာအခြေအနေကြားတွင် လူ့အသက်ကိုပဓါနမထားသည့်အတွက် ထွက်ပြေးခိုလှုံမှုများလည်း ရှိနေသည်။ Myanmar Now ၏ သတင်းထုတ်ပြန်ချက်အရ စစ်အာဏာသိမ်းပြီးနောက် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် တပ်မတော်ကိုစွန့်ခွာသည့် တပ်မတော်သား ၁၅၀၀ ခန့်ရှိနေပြီး “ယခုအချိန်မှာတွင် ထွက်ပြေးခွင့်ရမည်ဆိုပါက တပ်ချုပ်ကြီးနှင့် အလံတိုင်သာ ကျန်ခဲ့လိမ့်မည်” ဟု တာဝန်ထမ်းဆောင်ဆဲ ဗိုလ်ကြီးအဆင့်ရှိ အရာရှိတစ်ဦးမှ မှတ်ချက်ပြု ပြောကြားခဲ့သည်။ တပ်မတောက်ကို စွန့်ခွာခဲ့သောတပ်သားများသည် အလားတူ မှတ်ချက်မျိုးကို ပြုခဲ့ပြီး မထတပ်မတော်သားများ သမိုင်း၏အမှန်တရားဘက်တွင်ရပ်တည်ရန်နှင့် ပြည်သူနှင့်အတူ ဒီမိုကရေစီလှုပ်ရှားမှုတွင် ပါဝင်ရန် တိုက်တွန်းခဲ့သည်။ ထို့ပြင် တနင်္သာရီနှင့် မကွေးတိုင်းဒေသကြီးမှ တပ်သားအယောက် ၄၀ သည်လက်နက်များဖြင့် တပ်မတော်ကို စွန့်ခွာထွက်ပြေးခဲ့သည်။

# တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများ

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်တွင် ပဋိပက္ခများကြောင့် အရပ်သား ပြည်သူများသည် ဆက်လက်ပြီး နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသည်။ ရှမ်းလက်နက်ကိုင်အချင်း ချင်းတိုက်ပွဲဖြစ်ပွားသော ဒေသတွင် စစ်ဘေးရှောင်တစ်ဦးသည် လက်ဖက်ခြံထဲရှိ မြေမြှုပ်မိုင်းကို နင်းမိကာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်မှုလျှော့ချရေးအတွက် နေအိမ်တွင်နေရန် ကန့်သတ်ချက်များကြောင့် လမ်းများလည်းပိတ်ဆို့ထားခံရပြီး ဆေးရုံသို့သွားရန်  အခက်အခဲများရှိသည်။ လက်နက်ကိုင်အဖွဲ့များကို အရပ်သားပြည်သူများ၏ ဒေသတွင် မြေမြှုပ်မိုင်းများ မြှုပ်နှံခြင်းမပြုရန် တောင်းဆိုခဲ့ကြသည်။

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ကြား နယ်မြေအငြင်းပွားမှုကြောင့် တိုက်ပွဲများဖြစ်ပွားလျက်ရှိပြီး အရပ်သားပြည်သူများသည်သက်ဆိုင်ရာ နယ်မြေအသီးသီးတွင် ပစ်မှတ်ထားခံနေရသည်။ ဒေသခံရာနှင့်ချီ၍ ထိတ်လန့်ကြောက်ရွံ့စွာဖြင့် အိုးအိမ်စွန့်ခွါ ထွက်ပြေးခဲ့ရသည်။

## ကယားပြည်နယ်

ကရင်နီတပ်မတော်၊ ကရင်နီအမျိုးသားများကာကွယ်ရေးတပ်နှင့် စစ်ကောင်စီတပ်တို့သည် ဖရူဆိုမြို့နယ်နှင့် ရှမ်းပြည်တောင်ပိုင်း ဖယ်ခုံမြို့နယ်တို့တွင် တိုက်ပွဲများ ပုံမှန် ဖြစ်ပွားလျက်ရှိသည်။ ထွက်ပြေးတိမ်းရှောင်ရသော စစ်ဘေးရှောင်အများစုသည် အမျိုးသမီးများနှင့်ကလေးများဖြစ်ပြီး တစ်လအရွယ် မွေးကင်းစကလေးနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများပါဝင်သည်။

ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက် ( KSCN) ၏ နောက်ဆုံးသတင်း ထုတ်ပြန်ချက်အရ စစ်အာ ဏာသိမ်းပြီးနောက် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်တို့မှ ကရင်နီပြည်သူ(၈၂) ဦး  သေဆုံးခဲ့ပြီး (၁၅၀) ဦးဖမ်းဆီးခံရကာ(၁၀၆) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားမှု တိုးလာသောကြောင့် စစ်ဘေးရှောင်စခန်း များတွင် အရေးပေါ်အကူအညီများ လိုအပ်လျက်ရှိသည်။ လွတ်လပ်တဲ့အာရှအသံ (RFA) ၏ သတင်းများအရ (၆) လအတွင်း တိုက်ပွဲများကြောင့် ကယားပြည်နယ်တစ်ခုထဲတွင် စစ်ဘေးရှောင် ၁၇၀,၀၀၀ ကျော်ရှိသည်။

## ချင်းပြည်နယ်

ချင်းပြည်နယ်တွင် အရပ်သားပြည်သူများကို အကြမ်းဖက်စစ်ကောင်စီတပ်မှ သေနတ်ဖြင့် ပရမ်းပတာပစ်ခတ်ခဲ့သည်။ ပစ်ခတ်မှုကြောင့် ရွာအပြင်ဖက်ရှိ အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။ ချင်းအမျိုးသားအဖွဲ့အစည်း(CNO)၏အဆိုအရ ထို့နေ့တွင်ပင် ကိုယ်ဝန်ဆောင်အမျိုးသမီး၏ ပေါင်တွင် သေနတ်ထိမှန်ခဲ့သည်။ သက်ကြီးအမျိုးသမီးတစ်ဦးလည်း ပစ်ခတ်ခံခဲ့ရပြီး တစ်ခြားသောဒေသခံများသည် မတရားဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

*“တပ်မတော်ဆိုတာ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ဖို့ဆိုပေမဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက  မြန်မာတပ်မတော်ကို အစုလိုက်အပြုံလိုက် လူသတ်ခွင့် လိုင်စင်ကိုပေးထားတယ်။ ဗိုလ်ချုပ်ကြီးတွေနဲ့ သူတို့ အပေးအယူလုပ်နိုင်တယ်ဆိုတာ ကျွန်တော်တို့ မစဉ်းစားသင့်ဘူး။”*

*နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) တွဲဖက်အတွင်းရေးမှူး*




*ဇွန်လ ၃ ရက်နေ့တွင် ဆန္ဒပြပြည်သူများသည် အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်၏ ပိုစတာဘေး တွင် အာဏာရှင်ဆန့်ကျင်သည့် အမှတ်အသားဖြစ်သည့် လက် ၃ ချောင်းထောင်ကာ ဆန္ဒပြနေစဉ်*
*Source: STR/AFP*

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဩဂုတ် ၁၆ ရက်နေ့

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ရဲစခန်းတစ်ခုတွင် ပေါက်ကွဲမှုကြောင့် ရဲတပ်သား ၅ ဦးသေဆုံးခဲ့သည်။

## ဩဂုတ် ၁၇ ရက်နေ့

အမျိုးသားညီညွတ်ရေးအစိုးရ(NUG) မှ အမျိုးသားကျန်းမာရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။

## ဩဂုတ် ၁၈ ရက်နေ့

ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အဆိုအရ မြန်မာနိုင်ငံမှ လူဦးရေ ၃ သန်းကျော်သည် လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်လျက်ရှိသည်။

## ဩဂုတ် ၁၉ ရက်နေ့

အမျိုးသားညီညွတ်ရေးအစိုးရ(NUG) မှ ရောမသဘောတူမှု နိုင်ငံတကာပြစ်မှုခုံရုံး (ICC)အဖွဲ့ဝင်ဖြစ်ရန်လုပ်ဆောင်နေသည့် ခြေလှမ်းကို ထုတ်ဖော်ကြေငြာခဲ့သည်။

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဩဂုတ် ၂၀ ရက်နေ့

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် အကြမ်းဖက်စစ်တပ်မှ အင်တာနက် ဖြတ်တောက်ခဲ့သည်။

## ဩဂုတ် ၂၁ ရက်နေ့

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)၏ ခန့်မှန်းချက်အရ စစ်အာဏာသိမ်းပြီး ရက်ပေါင်း ၂၀၀ အတွင်း တနေ့လျှင် လူ ၅ ဦးနှုန်း သတ်ဖြတ်ခြင်း ခံရသည်။

## ဩဂုတ် ၂၂ ရက်နေ့

အာဆီယံ ပါလီမာန်များ ညီလာခံကို တက်ရောက်ရန် အမျိုးသားညီညွတ်ရေးအစိုးရအစား စစ်ကောင်စီကို အာဆီယံမှ ဖိတ်ကြားခဲ့သည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/
https://twitter.com/NDBurma/
https://facebook.com/theNDBurma